


# ဖျော်ဖြေရေးအခြေပြု socail media Android app : GetGlue

Social media network တွေဟာ လူနေမှုဘဝထဲကို ကြီးကြီးမားမားပဲ တိုးဝင်လာနေပါပြီ။ Facebook က နမူနာပဲ ဖြစ်ပါတယ်။ ပြီးတော့ ကြီးထွားလာနေတဲ့ twitter နဲ့ Google+ တို့လည်း ရှိနေပြန်ပါတယ်။ Socail network တွေ ထပ်များလိုနေသေးတယ်လို့ ထင်နေပါသေးလား။ GetGlue က ရှိနေပါသေးတယ်။ ဖျော်ဖြေရေးအခြေပြု socail media site တွေကို ကြိုက်နှစ်သက်တဲ့သူတွေအတွက် GetGlue က စိတ်ဝင်စားစရာပါ။ သူ့မှာ ကောင်းမွန်တဲ့ လုပ်ဆောင်ချက်တွေနဲ့ အသုံးပြုရလွယ်ကူတဲ့ interface တို့ရှိပါတယ်။




တခြား social network တွေလိုပဲ GetGlue ကလည်း အသုံးပြုသူတွေကို သူတို့ ကြည့်နေတာတွေ၊ နားထောင်နေတာတွေနဲ့ စဉ်းစားနေတာတွေကို share လုပ်ခွင့်ပေးထားပါတယ်။ စိတ်ဝင်စားစရာကောင်းတာက မိမိက သူငယ်ချင်းတွေနဲ့ share လုပ်လိုက်တဲ့ ဖျော်ဖြေရေးနဲ့ပတ်သက်တဲ့ လုပ်ဆောင်ချက်တွေပေါ်လိုက်ပြီး ဒီ app ဟာ တောက်ပပြီး ကြည့်ကောင်းတဲ့ sticker လေးတွေကို ပေးတာပါပဲ။ ဒါက တခြား social networking site တွေနဲ့ မတူတဲ့အချက် ဖြစ်ပါတယ်။

# ဂျပန် carrier ရဲ့ အသစ်အဆန်း smartphone

ဂျပန်နိုင်ငံရဲ့ ထိပ်တန်း mobile phone လုပ်ငန်းရှင် NTT DoCoMo က ခံတွင်းနံ့ဆိုး၊ ခန္ဓာကိုယ်ရဲ့ အဆီတို့အပြင် radio ရောင်ခြည်တို့ကိုတောင် တိုင်းတာနိုင်တဲ့ ပြောင်းလဲလို့ရတဲ့ jacket တွေနဲ့ smartphone ကို ထုတ်လုပ်မယ်လို့ သိရပါတယ်။

လူတော်တော်များများက လျှောင်ပြီးကတည်းက radiation နဲ့ပတ်သက်ပြီး စိုးရိမ်ပူပန်နေကြတာဖြစ်ပါတယ်။ ဒါကြောင့် telecom carrier တစ်ခုအနေနဲ့ လူတွေအတွက် ဘာဝန်ဆောင်မှုမျိုး ပေးနိုင်မလဲဆိုတာကို စဉ်းစားပေးတာဖြစ်ပါတယ်လို့ DoCoMo က ပြောရေးဆိုခွင့်ရှိသူတစ်ယောက်က ဆိုခဲ့ပါတယ်။

အောက်တိုဘာလတုန်းက ပြုလုပ်ခဲ့တဲ့ Combine Exhibition ofAdvanced Technologies ပွဲမှာ အဲဒီ smartphone ကို ထုတ်ဖော်ပြသခဲ့တယ်လို့ သိရပါတယ်။ ■

# အမျိုးသား cyber လုံခြုံရေး centre ဖွင့်တော့မယ့် စင်ကာပူ

စင်ကာပူဟာ အမျိုးသား cyber လုံခြုံရေး centre ကို လာမယ့်လတွေအတွင်းမှာ ဖွင့်လှစ်ဖို့ကြိုးစားမယ်လို့ သိရပါတယ်။ ကြာမြင့်လာတဲ့ internet ရဲ့ သက်တမ်းနဲ့အညီ အထူးသဖြင့် facebook လို၊ twitter လို လူမှုကွန်ရက်တွေရဲ့ ကြီးထွားလာမှုနဲ့အညီ တိုးမြင့်လာတဲ့ပြဿနာပေါင်း မြောက်မြားစွာကို ထိန်းချုပ်ဖို့ ဒီလိုလုပ်ရတာဖြစ်တယ်လို့ သိရပါတယ်။ ■

# ဟန်ဂေရီမှာပြုလုပ်တဲ့ နိုင်ငံတကာ cyber လုံခြုံရေးဆွေးနွေးပွဲ

စက်တင်ဘာလတုန်းက ဟန်ဂေရီနိုင်ငံမှာပြုလုပ်ခဲ့တဲ့ နိုင်ငံတကာ cyber လုံခြုံရေးဆွေးနွေးပွဲကို internet လုံခြုံရေး ကျွမ်းကျင်သူပေါင်း ၁,၀၀၀ ကျော် တက်ရောက်ခဲ့တယ်လို့ သိရပါတယ်။

၂၀၀၃ ခုနှစ်တုန်းက ပထမဆုံးကျင်းပပြုလုပ်ခဲ့ အဲဒီပွဲဟာ အရှေ့နဲ့ အလယ်ပိုင်း ဥရောပမှာ ကျင်းပပြုလုပ်တဲ့ စုစည်းမှုတွေထဲက အကြီးဆုံးတစ်ခုဖြစ်ပါတယ်။ ၂ ရက်ကြာ ပြုလုပ်ခဲ့တဲ့ အဲဒီဆွေးနွေးပွဲမှာ ဟောပြောပွဲတွေ၊ လက်တွေ့ အစမ်းသရုပ်ပြမှုတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေနဲ့ hacker game တွေ ပါဝင်ခဲ့တယ်လို့ သိရပါတယ်။

ဆွေးနွေးပွဲမှာ antivirus product တွေကို malware တွေက ဘယ်လို ပြန်လည်တိုက်ခိုက်တတ်တယ်ဆိုတာနဲ့ platform အသစ်တွေပေါ်မှာ mobile malware လို နည်းပညာအသစ်တွေက ဘယ်လောက်မြန်မြန် ထွက်ပေါ်လာသလဲဆိုတွေကိုလည်း ဆွေးနွေးခဲ့တယ်လို့ သိရပါတယ်။

Hacktivity 2011 အစီအစဉ်ကိုလည်း Hello Workshop ဆိုတဲ့ ခေါင်းစဉ်နဲ့ ၄၅ မိနစ်ကြာ ပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။ အဲဒီ workshop မှာ ပါဝင်သူတွေက reverse engineering ၊ mobile security နဲ့ digital certificate စတဲ့ လေ့ကျင့်ခန်းတွေကို ပါဝင်ပြုလုပ်ရတာဖြစ်တယ်လို့လည်း သိရပါတယ်။ ■

# Nano နည်းပညာကိုသုံးမယ့် computer memory အသစ်

Nano နည်းပညာကိုအသုံးပြုပြီး ပြုလုပ်ထားတဲ့ computer memory တွေဟာ လက်ရှိသုံးနေတဲ့ memory နည်းပညာတွေ ထက် ပိုမိုမြန်ဆန်ပြီး flash memory ပစ္စည်းတွေထက် စွမ်းအင် သုံးစွဲမှုလည်း ပိုနည်းမယ်လို့ သိရပါတယ်။

Purdue တက္ကသိုလ်က သိပ္ပံပညာရှင်တွေက အဲဒီ နည်းပညာဟာ silicon nanowire တွေကို ferroelectric polymer နဲ့ပေါင်းစပ်ထားတာဖြစ်ပါတယ်။ အဲဒီနည်းပညာအသစ်ကို FeTRAM (ferroelectirc transistor random access memory) လို့ ခေါ်ပါတယ်။ အဲဒီနည်းပညာကို circuit တွေနဲ့ ဘယ်လို အလုပ်လုပ်သလဲဆိုတာကိုလည်း စမ်းသပ်ပြီးပြီလို့ သိရပါတယ်။ FeTRAM က non-volatile storage အမျိုးအစားဖြစ်တယ်လို့လည်း သိရပါတယ်။ ■



# iPhone အတွက် Photo365 app

သွက်လက်တဲ့ photo sharing app က calendar မှာ ရက်တစ်ရက်ကို ပုံတစ်ပုံစီတင်ပြီး အဲဒီပုံကို facebook ၊ twitter ၊ flickr ၊ email စတာတွေဆီကို လွယ်လွယ်ကူကူ upload တင်လို့ရစေပါတယ်။




App ရဲ့ ပုံစံက သိပ်ကြည့်ရှုစရာ များများစားစားမရှိပေမယ့်လည်း အဲဒါကိုက သူ့ရဲ့ အားသာချက်တွေထဲက တစ်ခုဖြစ်နေပါတယ်။ ဒီ app နဲ့ဆို ကိုယ့်ရဲ့ဓာတ်ပုံကို ရိုက်ယူတာနဲ့ upload လုပ်ဖို့ဆိုတာက လုပ်ဆောင်ချက်အနည်းငယ်နဲ့ ပြီးပါတယ်။

ဓလုတ်တစ်ခုက အမျိုးမျိုးသော social network တွေဆီ ကိုယ့်ရဲ့ ဓာတ်ပုံတွေ post လုပ်ပေးဖို့ဖြစ်ပြီး နောက်တစ်ခုကတော့ daily reminder ကို set လုပ်ထားဖို့ ဖြစ်ပါတယ်။

Upload လုပ်ဖို့ပုံတွေကို app ထဲရောက်မှ မရိုက်ဘဲ ကိုယ့်မှာရှိတဲ့ ပုံတွေကိုလည်း တင်လို့ရပါတယ်။ ■